## ၁ နှင့် ၂ ဘုရင်များစာစောင်

Message Eleven

# အယူလွဲခြင်း၊ မြင့်သောအရပ်များနှင့် စစ်မှန်သော တစ်လုံးတစ်ဝဖြစ်ခြင်းအခြေပြုရာကို ပြန်လည်ရယူခြင်း

ဖတ်ရန်ကျမ်း။ ။ ၁ဘုရင်၊၁၂း၂၅-၃၃။ ၁၃း၃၃-၃၄။ တရား၊၁၂း၂-၁၈

**I. ယေရောဗောင်၏ အယူလွဲခြင်းကို ယနေ့၏ ခရစ်ယာန်လောက ပုံဆောင်ချက်အဖြစ် မှတ်ယူနိုင်ပါသည် - ၁ဘုရင်၊၁၂း၂၅-၃၃။ ၁၃း၃၃-၃၄။**

A. အယူလွဲခြင်းဟူသည်မှာ ဘုရားသခင်၏လမ်းတော်ကို စွန့်လွှတ်ခြင်းနှင့် ဘုရားသခင်ထက် အခြားအရာများနောက်သို့ လိုက်ခြင်းကို ဆိုလိုပြီး၊ ၎င်းသည် ယေရှုခရစ်၏ နာမအောက်၌၊ ဘုရားသခင်ကို ကိုးကွယ်ခြင်းဝတ်ရုံအောက်၌ မိမိအတ္တအတွက် အရာများကို လုပ်ဆောင်ခြင်း ဖြစ်သည် - တ၊၉း၂။ ၁၈း၂၆။ ၂ပေ၊၂း၂၊ ၁၅၊ ၂၁။ ယု၊၁၁။ သူကြီး၊ ၁၈း၃၀-၃၁။

B. ယေရောဗောင်၏ အယူလွဲခြင်း၌ အရာငါးခု ပါရှိသည်။

1. ယေရောဗောင်သည် ရွှေနွားသငယ် (ရုပ်တု) နှစ်ခုကို လုပ်ပြီး၊ တစ်ခုကို ဗေသလမြို့၌ထားကာ၊ နောက်တစ်ခုကို ဒန်မြို့၌ ထားခဲ့ပြီး၊ လူများအား ယေရုရှလင်မြို့တွင် ကိုးကွယ်ဝတ်ပြုခြင်းမှ နှောင့်ယှက်တားဆီးရန် လုပ်ဆောင်ခြင်းဖြစ်ကာ၊ ထိုသို့ဖြင့် အစ္စရေးအမျိုးသားတို့၏ တစ်လုံးတစ်ဝဖြစ်ခြင်းကို စောင့်ထိန်းခြင်းအတွက် သန့်ရှင်းသောမြေ၌ တုနိုင်းရာမဲ့ ကိုးကွယ်ရာအလယ်ဗဟို ထားရှိရန် ဘုရားသခင်၏စီမံထားခြင်းကို ချိုးဖောက်ခဲ့သည် - ၁ဘုရင်၊၁၂း၂၆-၃၀။ တရား၊ ၁၂း၂-၁၈။
2. ယေရောဗောင်သည် မြင့်သောအရာများ၌ ဗိမာန်တော်ကို တည်ဆောက်ခဲ့ပြီး၊ လေဝိမျိုးနွယ်မဟုတ်သော သာမန်လူများအလယ်မှ ယဇ်ပုရောဟိတ်များကို ခန့်အပ်ခဲ့သည် - ၁ဘုရင်၊၁၂း၃၁။ ၁၃း၃၃ခ။ ၂ရာ၊၁၃း၉။
3. ယေရောဗောင်သည် ယုဒပြည်၌ရှိခဲ့ သည့်ပွဲတော်အတိုင်း အဋ္ဌမလ (မိမိ၏စိတ်နှလုံး၌ ကြံစည်ထားသည့်လ) ၏ တစ်ဆယ့်ငါးရက်နေ့တွင် ပွဲကို စီမံခဲ့သည် - ၁ဘုရင်၊၁၂း၃၂က၊ ၃၃ခ။
4. ယေရောဗောင်သည် ဗေသလမြို့ရှိ ယဇ်ပလ္လင်၌ သူလုပ်ထားသည့် နွားသငယ်ရုပ်တုများထံ ယဇ်များကို ပူဇော်ခဲ့ပြီး၊ ဗေသလမြို့၌ သူသည် မြင့်သောအရပ်များ၏ ယဇ်ပုရောဟိတ်များကို ခန့်ထားခဲ့သည် - အငယ်၊၃၂ခ-၃၃က။
5. ယေရောဗောင်သည် ယဇ်ပုရောဟိတ်တစ်ဦးမဟုတ်သော်လည်း၊ ယဇ်ပလ္လင်ပေါ်သို့ တက်ခဲ့သည် - အငယ်၊၃၃ခ။

C. ယေရောဗောင်၏ အယူလွဲခြင်းသည် စိုးရိမ်ဖွယ်ရာအပြစ်ဖြစ်လာပြီး၊ သူ၏မိသားစု တစ်ခုလုံးအား ဘုရားသခင်၏စီရင်မှု အောက်၌ ဖျက်ဆီးခံရရန် ဖြစ်စေကာ၊ နောက်ဆုံးတွင် အစ္စရေးလူတို့အား ဖမ်းဆီးသိမ်းသွားခြင်းအထဲသို့ ခေါ်ဆောင်သွားရန် ဦးဆောင်ခဲ့သည် - ၁၃း၃၄။ ၁၄း၇-၁၁၊ ၁၅-၁၆။ ၁၅း၂၉-၃၀။ ၂ဘုရင်၊၁၇း၂၀-၂၃။

D. မျက်မှောက်ခေတ် "ယေရောဗောင်များ"က တည်ထားကြသည့် ကိုးကွယ်ရာအလယ်ဗဟိုများသည် အမှန်စင်စစ် ကိုယ်ကျိုးရည်မှန်းချက်၏ အလယ်ဗဟိုများ ဖြစ်ကြသည်။

1. ခရစ်ယာန်လောကရှိ ကွဲပြားခြင်းများသည် တစ်ကိုယ်ကောင်းဆန်ခြင်းနှင့် ကိုယ်ကျိုးရည်မှန်းချက်တို့အားဖြင့် ဖြစ်ပေါ်စေခဲ့ခြင်းဖြစ်သည်။
2. အချို့သောသူတို့သည် မိမိတို့၏ တစ်ကိုယ်ကောင်းဆန်သော အလိုဆန္ဒကို ဖြည့်ဆည်းကျေနပ်စေရန် အင်ပါယာရရှိလိုသော ကိုယ်ကျိုးရည်မှန်းချက် ရှိကြသောကြောင့်၊ သူတို့သည် ဘုရားသခင်၏ရွေးချယ်ရာ လျစ်လျူရှုခဲ့ကြသည်။

E. ဘုရားသခင်၏ ဓမ္မသစ်စီမံကိန်းတွင် ခရစ်တော်၌အမှန်ပင် ယုံကြည်သူများအားလုံးသည် ဘုရားသခင်ထံသို့ ယဇ်ပုရောဟိတ်များ ဖြစ်ကြပြီဖြစ်သည်၊ သို့သော် ကျဆင်းသော ခရစ်ယာန်လောကသည် ယုံကြည်သူအချို့ကို ဘုရားသခင်၏အစေခံခြင်းအမှုကို လုပ်ဆောင်ရန် စီမံထားကြကာ၊ သူတို့ကို အခွင့်ထူးခံလူတန်းစားဖြစ်စေပြီး၊ ကျန်သည့် ယုံကြည်သူများကိုမူ သာမန်လူတန်းစားအဖြစ် ထားခဲ့ကြသည်။ ဤအရာသည် အယူလွဲခြင်းအလေ့အထဖြစ်ပြီး၊ ယင်းကို ကျွန်ုပ်တို့ ရှုံ့မုန်းကာ စွန့်ပစ်ထားရမည်ဖြစ်သည် - ၁ပေ၊၂း၉။ ဗျာ၊၁း၆။ ၅း၁၀။ ၂း၆၊ ၁၅။

F. ယနေ့၏ ခရစ်ယာန်လောကသည် အယူလွဲခြင်းနှင့် ပြည့်နေသောကြောင့် သခင်ဘုရားသည် ပြန်လည်ရယူခြင်း - အသက်နှင့် သမ္မာတရားကို ပြန်လည်ရယူခြင်း - ကို လိုအပ်နေသည် - ယေ၊၂း၁၁၊ ၁၃၊ ၁၉။ ဗျာ၊၂း၆၊ ၁၅။ ၁ယော၊၁း၁-၂၊ ၅-၆။ ယော၊ ၁၈း၃၇ခ။ ၁၀း၁၀ခ။

G. အသက်၏မစထောက်ပံ့မှုနှင့် သမ္မာတရား၏ ဖွင့်ပြခြင်းတို့သည် တမန်တော်များက အသင်းတော်၏ အယူလွဲခြင်းနှင့် ကျဆင်းမှုကို ဆက်ဆံဖြေရှင်းရာတွင် အသုံးပြုကြသည့် ဖြေဆေးများ ဖြစ်သည် - ၁ယော၊၁း၁-၂၊ ၅-၆။ ယော၊၁၈း၃၇ခ။ ၁၀း၁၀ခ။ ၂ပေ၊၁း၃-၂၁။ ၂တိ၊၁း၁၊ ၁၀။ ၂း၁၅၊ ၂၅။

**II. စစ်မှန်သော၊ အရာအားလုံးပါဝင်သော တစ်လုံးတစ်ဝဖြစ်ခြင်းကို ပြန်လည်ရယူရန်နှင့် စောင့်ထိန်းရန်အတွက် ကျွန်ုပ်တို့သည် မြင့်သောအရပ်များကို ဖျက်ဆီးရမည်ဖြစ်သည် - ၁ဘုရင်၊၁၁း၇-၈။ ၁၂း၂၆-၃၃။ ၁၃း၃၃-၃၄။ ၁၄း၂၂-၂၃။ ၁၅း၁၄။ ၂၂း၄၃။ ၂ဘုရင်၊၁၂း၂-၃။ ၁၄း၃-၄။ ၁၅း၃-၄၊ ၃၄-၃၅။**

# ၁ နှင့် ၂ ဘုရင်များစာစောင်

A. မြင့်သောအရပ်များသည် တစ်ပါးအမျိုးသားများက မိမိတို့၏ရုပ်တုများကို ကိုးကွယ်ရာနေရာများ ဖြစ်ကြသည်။

B. အစ္စရေးအမျိုးသားတို့သည် ခါနန်မြေအထဲသို့ ဝင်ရောက်၍ ပိုင်ဆိုင်ကြသောအခါ၊ ဘုရားသခင်က သူတို့အား တစ်ပါးအမျိုး သားတို့၏ မြင့်သောအရပ်များအားလုံးကို ဖျက်ဆီးပစ်ရန် မိန့်မှာခဲ့သည် - တရား၊၁၂း၁-၃။

1. မြင့်သောအရပ်ကို တည်ထားခြင်းမှာ ကွဲပြားခြင်း ရှိရန်ဖြစ်သည်။ ထို့ကြောင့် မြင့်သောအရပ်များ၏ ပုံဆောင်ချက်သည် ကွဲပြားခြင်းဖြစ်သည်။
2. ကိုယ်တော့်လူမျိုးတော်၏ တစ်လုံးတစ်ဝဖြစ်ခြင်းကို စောင့်ထိန်းရန် ဘုရားသခင်က သူတို့သည် ကိုယ်တော်ရွေးချယ် တော်မူရာ တုန်ဲရာမဲ့နေရာသို့ လာရကြမည်အကြောင်း တောင်းဆိုခဲ့သည် - အငယ်၊၈၊ ၁၁၊ ၁၃-၁၄၊ ၁၈။
3. ၁ဘုရင်များစာစောင်၌ ရှင်ဘုရင်နှစ်ပါး - ရှောလမုန်နှင့် ယေရောဗောင် - တို့သည် မြင့်သောအရပ်များကို တည်ထားရန် ဦးဆောင်ခဲ့ကြပြီး၊ ပထမတစ်ခုသည် တပ်မက်မှု အလိုသို့လိုက်ခြင်းကြောင့်ဖြစ်ကာ၊ နောက်တစ်ခုမှာ ကိုယ်ကျိုးရည်မှန်းချက်ကြောင့် ဖြစ်သည် - ၁၁း၇-၈။ ၁၂း၂၇။

C. မြင့်သောအရပ်သည် ကုန်းမြင့်နေရာ၊ သာမန်အဆင့်အထက်တွင် မြှင့်တင်ထားသည့် တစ်စုံတစ်ရာဖြစ်သည်။

1. ဤသည်မှာ မြင့်သောအရပ်သည် တစ်စုံတစ်ခုကို ချီးမြှောက်ခြင်း ပါဝင်နေသည်။
2. အလေ့အလာ၌ ခရစ်ယာန်လောကရှိ မြင့်သောအရပ်မှန်သမျှ၊ ကွဲပြားခြင်းမှန်သမျှသည် ခရစ်တော်ထက် အခြားတစ်စုံတစ်ရာကို မြှင့်တင်ခြင်း၊ ချီးမြှောက်ခြင်း ပါဝင်နေသည် - ဉွှန်း၊ ကော၊၁း၁၈။

D. ရှောလမုန်နှင့် ယေရောဗောင် လက်အောက်တွင် မြင့်သောအရပ်များကို တည်ဆောက်ခြင်းမှတ်တမ်း၌ ဝိညာဉ်ရေးရာ ပုံဆောင်ချက် ရှိသည်။ ၎င်းသည် ကျွန်ုပ်တို့၏ ဝိညာဉ်ရေးရာ လမ်းညွှန်မှုအတွက် ရေးသားထားခြင်းဖြစ်သည် - ရော၊၁၅း၄-၆။

1. ရှောလမုန်နှင့် ယေရောဗောင် တည်ဆောက်ခဲ့သည့် မြင့်သောအရပ်များသည် တစ်လုံးတစ်ဝဖြစ်ခြင်း၏ အခြေပြုရာကို ပြင်းထန်စွာ ဖျက်ဆီးခဲ့သည် - ၁ဘုရင်၊၁၁း၇-၈။ ၁၂း၂၆-၃၃။
2. အသင်းတော်အသက်တာ၌ ကျွန်ုပ်တို့သည် မည်သည့်မြင့်သောအရပ်မျှ မရှိသင့်ပေ။ ထိုအစား ကျွန်ုပ်တို့အားလုံးသည် ခရစ်တော်ကို ချီးမြှောက်ရန် တစ်ခုတည်းသောအဆင့်တွင်သာ ရှိရကြမည်ဖြစ်သည် - ကော၊၁း၁၈။ ၃း၁၀-၁၁။

3. မြင့်သောအရပ်မှန်သမျှ၊ စစ်မှန်သော ပူဇော်သက္ကာများကို ပူဇော်သည့်နေရာများ ပင်လျှင် တစ်လုံးတစ်ဝဖြစ်ခြင်း၏ အခြေပြုရာကို ပျက်စီးခြင်း ဖြစ်စေသည်။

E. မြင့်သောအရပ်များကို ဖျက်ဆီးခြင်းတွင် အဓိကအရာသုံးခု ပါဝင်သည်၊ နေရာများ၊ ရုပ်တုများနှင့် အမည်နာမများ တို့ဖြစ် သည် - တရား၊၁၂း၂-၃။

1. ဝိညာဉ်ရေးရာအရဆိုရလျှင် ကျွန်ုပ်တို့သည် အသင်းတော်ထက် အခြားနေရာမှန် သမျှကိုလည်းကောင်း၊ ခရစ်တော်၏ နာမထက် အခြားနာမမှန်သမျှကိုလည်း ကောင်း ဖျက်ဆီးရမည်ဖြစ်သည်။ ဤသည်မှာ ကျွန်ုပ်တို့သည် မိမိတို့၏ ရိုးရာ ယဉ်ကျေးမှု၊ ပင်ကိုစိတ်၊ ပင်ကိုစရိုက်၊ အကျင့်များ၊ ဇာတိဝိသေသလက္ခဏာများ၊ နှစ်သက်လိုလားမှုများ၊ ဘာသာတရားနောက်ခံနှင့် ၎င်း၏ လွှမ်းမိုးမှု - စစ်မှန်သော တစ်လုံးတစ်ဝဖြစ်ခြင်းကို ဖျက်ဆီးသော အရာခပ်သိမ်းတို့ကို ဖျက်ဆီးရမည်ဖြစ် ကြောင်း ဆိုလိုသည် - ဂလ၊၂း၂၀။ ၅း၃၄။ ဖေး၁၄။

2. ကောလောသဲ ၃း၁၁ ရှိ နှုတ်ကပတ်စကားကို ပြည့်စုံစေရန်အလို့ငှာ အခြားနေရာ မှန်သမျှသည် ရှင်းရှင်း ဖျက်ဆီးခြင်း ခံရမည်ဖြစ်သည်။

   a. ကျွန်ုပ်တို့သည် ခရစ်တော်နှင့်အတူ အသင်းတော်မဟုတ်သည့် အရာခပ်သိမ်း ကို ဖျက်ဆီးရမည်ဖြစ်သည်။

   b. ကျွန်ုပ်တို့သည် ရိုးရိုးလေး အသင်းတော်အသက်တာ၌ ရှိနေကာ၊ ခရစ်တော် ကို ကောင်းသောမြေ၏ ကြွယ်ဝခြင်းများအဖြစ် မွေ့လျော်ဝမ်းမြောက်သင့်ပါ သည် - တရား၊၈း၇-၉။ ဧ၊၃း၈။

3. အသင်းတော်အသက်တာသည် အားနည်းလာခဲ့ရခြင်း အကြောင်းမှာ မြင့်သော အရပ်များကို ဖျက်ဆီးရန် လိုလားဆန္ဒ လျော့နည်းလာခြင်းကြောင့်ဖြစ်သည် - ၁ဘုရင်၊၁၅း၁၄။ ၂၂း၄၃။

   a. ကျွန်ုပ်တို့၏လူသားအသက်တာနှင့် ရိုးရာယဉ်ကျေးမှု၌ ဖျက်ဆီးပစ်ရန် ကျန်ရှိ နေသော၊ လိုအပ်နေသော နေရာများစွာ ရှိနေသည်။ ကျွန်ုပ်တို့သည် ၎င်းတို့ အားလုံးကို ဖျက်ဆီးပစ်ရမည်၊ ထိုနောက် ဘုရားသခင်၏ ရွေးချယ်ရာ တုနှိုင်း ရာမဲ့နေရာဖြစ်သည့် အသင်းတော်သို့ သွားကြရမည်ဖြစ်သည် - ဂလ၊၅း၂၄။ မ၊၁၆း၁၈။

   b. ဖျက်ဆီးခြင်း ခံရတော့မည့် နေရာမှန်သမျှ၌ သတ်မှတ်ရည်စူးထားသော တိုင်၊ အမှတ်အသား သို့မဟုတ် ရုပ်ပုံရှိနေသည်။ ကျွန်ုပ်တို့၏အကျင့်စာရိတ္တ သို့မဟုတ် ပင်ကိုစိတ်၌ ဖျက်ဆီးခံရမည့် တိုင်များ၊ အမှတ်အသားများ သို့ မဟုတ် ရုပ်ပုံများ ရှိကောင်းရှိနိုင်သည်။

c. အသင်းတော်၌ ခရစ်တော်ထက် အခြားမည်သည့်အရာမျှ မရှိနိုင်ပါ။ ခရစ်တော်သည် အလုံးဖြစ်ကာ၊ အလုံးစုံတို့၌ ရှိရမည်ဖြစ်သည် - ကော၊၁း၁၈၊၂၇။ ၂း၂။ ၃း၁၁။

## III. အယူလွဲခြင်း၊ မြင့်သောအရပ်များနှင့် ကွဲပြားခြင်းများသည် ခရစ်ယာန်လောက တစ်လျှောက်လုံးတွင် ရှိခဲ့သောကြောင့်၊ စစ်မှန်သော တစ်လုံးတစ်ဝဖြစ်ခြင်း၏ အခြေပြုရာကို ပြန်လည်ရယူခြင်း လိုအပ်သည် - ဧ၊၄း၂-၆၊ ၁၃။ ယော၊၁၇း၁၁၊ ၁၄-၂၃။ ၁ကော၊၁၀း၁၆-၁၇။

A. ဓမ္မသစ်ကျမ်းရှိ ဘုရားဆိုင်ရာဖွင့်ပြခြင်းအရ အသင်းတော်အခြေပြုရာ - တစ်လုံးတစ်ဝဖြစ်ခြင်း၏ စစ်မှန်သော အခြေ ပြုနေရာ- သည် အရေးကြီးသော ဒြပ်သဘာဝသုံးခုဖြင့် ပါဝင်ပေါင်းစပ်ထားသည်။

1. အသင်းတော်အခြေပြုရာ၏ ထုံးဖွဲ့ပါဝင်မှု ပထမဒြပ်သဘာဝမှာ စကြဝဠာဆိုင်ရာ ခရစ်တော်၏ကိုယ်ခန္ဓာတော်၏ တုနှိုင်းရာမဲ့ တစ်လုံးတစ်ဝဖြစ်ခြင်း ဖြစ်သည် - ဧ၊၄း၄။
   a. ဤတစ်လုံးတစ်ဝဖြစ်ခြင်းကို "ဝိညာဉ်တော်၏တစ်လုံးတစ်ဝဖြစ်ခြင်း"ဟု ခေါ်သည် - အငယ်၊၃။
   b. ဤတစ်လုံးတစ်ဝဖြစ်ခြင်းသည် ယောဟန် ၁၇ ၌ သခင်ဘုရားဆုတောင်းခဲ့သော တစ်လုံးတစ်ဝဖြစ်ခြင်း - အဆင့်ဆင့်ဖြတ်ကျော်သည့် သုံးပါးတစ်ပါး ဘုရားနှင့် ခရစ်တော်၌ယုံကြည်သူများအားလုံး၏ ရောနှောပေါင်းစည်းခြင်း၌ ရှိသော တစ်လုံးတစ်ဝဖြစ်ခြင်း - ဖြစ်သည် - အငယ်၊၆၊ ၁၁၊ ၁၄-၂၄။
   c. ဤတစ်လုံးတစ်ဝဖြစ်ခြင်းသည် ခရစ်တော်၌ ယုံကြည်သူများအားလုံး၏ ဝိညာဉ်အထဲသို့ ဘုရားဆိုင်ရာအသက် ဖြစ်သော ခရစ်တော်ဖြင့် အသက်၏ ဝိညာဉ်တော်အားဖြင့် သူတို့အသစ်တစ်ဖန် မွေးဖွားခြင်း၌ ဖြည့်သွင်းပေးခဲ့ပြီး ဖြစ်သည်။
2. အသင်းတော်အခြေပြုရာ၏ ဒုတိယဒြပ်သဘာဝမှာ ဒေသန္တရအသင်းတော် ဖြစ်တည်၍၊ တည်ရှိနေရာ ဒေသန္တရ၏ တု နှိုင်းရာမဲ့ အခြေပြုရာ ဖြစ်သည် - တ၊ ၁၄း၂၃။ တိတု၊၁း၅။ ဗျာ၊၁း၁၁။
3. အသင်းတော်အခြေပြုရာ၏ တတိယဒြပ်သဘာဝမှာ တစ်လုံးတစ်ဝဖြစ်ခြင်း၏ ဝိညာဉ်တော်၏ စစ်မှန်ခြင်းဖြစ်ပြီး၊ စကြဝဠာဆိုင်ရာ ခရစ်တော်၏ကိုယ်ခန္ဓာတော် တုနှိုင်းရာမဲ့ တစ်လုံးတစ်ဝဖြစ်ခြင်းအား ဒေသန္တရအသင်းတော်၏ ဒေသဆိုင်ရာ

တုန္ဒိုင်းရာမဲ့အခြေပြုနေရာပေါ်တွင် ထင်ရှားစေခြင်း ဖြစ်သည် - ၁ယော၊၅း၆။ ယော၊၁၆း၁၃။

a. ဘုရားဆိုင်ရာသုံးပါးတစ်ပါး၏ အသက်ရှင်သော စစ်မှန်ခြင်းဖြစ်သည့် စစ်မှန်ခြင်း၏ဝိညာဉ်တော်အားဖြင့် ခရစ်တော်ကိုယ်ခန္ဓာတော်၏ တစ်လုံးတစ်ဝ ဖြစ်ခြင်းသည် စစ်မှန်ခြင်းနှင့် ရှင်သန်ခြင်း ဖြစ်လာသည်။

b. ဤဝိညာဉ်တော်မှတစ်ဆင့် အသင်းတော်အခြေပြုရာသည် တရားနည်းလမ်းကျခြင်း၌မဟုတ်ဘဲ၊ အသက်၌ ယူဆောင်လျှောက်လှမ်းခြင်း ဖြစ်သည်။

c. ဤဝိညာဉ်တော်အားဖြင့် အသင်းတော်၏ စစ်မှန်သော အခြေပြုရာသည် သုံးပါးတစ်ပါးဘုရားနှင့်အတူ ချိတ်ဆက် ထားခြင်း ရှိသည် - ဧ၊၄း၃-၆။

B. ခရစ်တော်၏ရှင်သန်သော ကိုယ်ခန္ဓာတော်ဖြစ်သည့် အသင်းတော်သည် ကွဲပြားမရနိုင်သော၊ ကွဲပြားရန်မဖြစ်နိုင်သောအရာ ဖြစ်သည်။ ဤတုန္ဒိုင်းရာမဲ့ကိုယ်ခန္ဓာတော်သည် များစွာသော ဒေသန္တရအသင်းတော်များ၌ ထင်ရှားခြင်းမှာ သုံးပါးတစ်ပါး ဘုရားနှင့်အတူရှိခြင်းအဖြစ် ဘုရားဆိုင်ရာတစ်လုံးတစ်ဝဖြစ်ခြင်း၌လည်းကောင်း၊ ဘုရားဆိုင်ရာ သဘောသဘာဝ၊ ဒြပ်သဘာဝ၊ အနှစ်သာရ၊ ထင်ရှားခြင်း၊ လုပ်ဆောင်ချက်နှင့် သက်သေခံချက်တို့၌လည်းကောင်း ထင်ရှားခြင်းဖြစ်သည် - ဗျာ၊ ၁း၁၁။ ယော၊၁၇း၁၁၊ ၂၁၊ ၂၃။

C. စစ်မှန်သောတစ်လုံးတစ်ဝဖြစ်ခြင်း - ဘုရားသခင်၏သဘောသဘာဝအတိုင်းဖြစ်သော တစ်လုံးတစ်ဝဖြစ်ခြင်း - သည် အပေါင်းလက္ခဏာအရာအားလုံးပါဝင်သည့် အရာအားလုံးပါဝင်သော၊ ပြည့်စုံကျယ်ပြန့်သော တစ်လုံးတစ်ဝဖြစ်ခြင်းဖြစ်သည် - ဆာ၊၂၃း၆။ ၃၆း၈-၉။ ၄၃း၃-၄။ ၈၄း၁-၈၊ ၁၀-၁၂။ ၉၂း၁၀။ ၁၃၃း၁၊ ၃ခ။

1. တစ်လုံးတစ်ဝဖြစ်ခြင်းသည် ပြန်လည်ရယူခံရသောအခါ၊ ဝိညာဉ်ရေးရာကြွယ်ဝခြင်း အားလုံးနှင့် အပေါင်းလက္ခဏာ အရာအားလုံးတို့သည် ၎င်းနှင့်အတူ ပြန်လည်ရယူခံရသည်၊ အကြောင်းမှာ ၎င်းတို့အားလုံးသည် တစ်လုံးတစ်ဝဖြစ်ခြင်း၌ ဖြစ်တည်နေသောကြောင့် ဖြစ်သည် - ဧ၊၄း၃။ ၃း၈။

2. ဘုရားဝတ်မွေ့လျော်ခြင်းအရာအားလုံးနှင့် ဝိညာဉ်ရေးရာ ကြွယ်ဝခြင်းများအားလုံးသည် စစ်မှန်သော တစ်လုံးတစ်ဝ ဖြစ်ခြင်းအခြေပြုရာအပေါ် ရှိ ကျွန်ုပ်တို့၏ အရာများ ဖြစ်ကြသည် - တရား၊၈း၇-၉။ ၁၂း၁၂၊ ၂၆-၂၈။

3. စစ်မှန်သော တစ်လုံးတစ်ဝဖြစ်ခြင်းသည် တစ်စိတ်တစ်ပိုင်းဖြစ်သော တစ်လုံးတစ်ဝဖြစ်ခြင်း မဟုတ်ပါ။ ၎င်းသည် ကြီးမားသော၊ ပြည့်စုံသော၊ ကျယ်ပြန့်သော

တစ်လုံးတစ်ဝဖြစ်ခြင်း၊ အလုံးစုံပါဝင်သော တစ်လုံးတစ်ဝဖြစ်ခြင်း ဖြစ်သည် - ဆာ၊၁၃၃း၁။

a. ဧဖက် ၄း၃-၆ တွင် ဖွင့်ပြသည့်အတိုင်း ဤတစ်လုံးတစ်ဝဖြစ်ခြင်းသည် ခမည်းတော် ဘုရားသခင်၊ သခင် ခရစ်တော်နှင့် အသက်ကိုပေးသူအဖြစ် ဝိညာဉ်တော် ပါဝင်သည်။

b. အရာအားလုံးပါဝင်သော တစ်လုံးတစ်ဝဖြစ်ခြင်းက အပေါင်းလက္ခဏာ ကောင်းမြတ်ခြင်းများနှင့် ဂုဏ်အင်္ဂါများအားလုံးကို ကျွန်ုပ်တို့အား ရယူပိုင်ဆိုင်ခွင့်ရှိစေသည် - အငယ်၊၁-၂။

D. ကျွန်ုပ်တို့သည် မြင့်သောအရပ်များကို ဖျက်ဆီးခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ စစ်မှန်သော၊ အရာအားလုံးပါဝင်သော တစ်လုံးတစ်ဝဖြစ်ခြင်းကို ပြန်လည်ရယူခြင်းနှင့် စောင့်ထိန်းခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ရှုပါရုံပေးခြင်းအတွက် သခင်ဘုရားကို ကျေးဇူးတင်လျက်၊ ချီးမွမ်းကြပါသည်။ ယနေ့ သခင်ဘုရား၏ပြန်လည်ရယူခြင်း၌ ဤတစ်လုံးတစ်ဝဖြစ်ခြင်းကို သိရှိခြင်း၊ တွေ့ကြုံခံစားခြင်းနှင့် မွေ့လျော်ဝမ်းမြောက်ရခြင်းမှာ ကျွန်ုပ်တို့၏ အထူးအခွင့်အရေးပင်ဖြစ်ပါသည် - ဆာ၊၁၃၃း၁၊ ၃ခ။ ယော၊၁၇း၂၁-၂၃။ ဧ၊၄း၃-၆။